


# အစီအစဉ် (၇၀)


## “အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှု”

ACC Against COVID–19

Prof. Dr. Aung Tun Thet

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှု






အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကိုဖြစ်စေသော အဓိကအကြောင်းတရား ဖြစ်သည့်အပြင် ၎င်းကို ဖြေရှင်းရာတွင်လည်း အတားအဆီးဖြစ်စေပါသည်။ အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် ဆက်စပ်အားဖြည့်နေပြီး လူထုအား အဂတိလိုက်စားမှုနှင့်ဆင်းရဲမှုသံသရာမှ ရုန်းမထွက်နိုင်အောင်ဖြစ်စေပါသည်။ လူအများစုအား ဆင်းရဲတွင်းမှသိသိသာသာလွတ်မြောက်အောင်အကူအညီပေးလိုပါက အဂတိလိုက်စားမှုများကို အပြင်းအထန်တိုက်ဖျက်သွားရန်ပင် ဖြစ်သည်။

# အဂတိလိုက်စားမှု

- ချမ်းသာကြွယ်ဝလာသူများ၏ ပုံရိပ်
- အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးသူများကို ပိုမိုထိခိုက်နစ်နာစေခြင်း
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မှားယွင်းစွာတင်ပြခြင်း၊ လွဲချော်စေခြင်း၊ နှောင့်နှေးစေခြင်း

# အများပြည်သူဆိုင်ရာကဏ္ဍတွင်အဂတိလိုက်စားမှု

- အများပြည်သူဆိုင်ရာရုံးဌာနအား ပုဂ္ဂလိက အကျိုးအမြတ်အတွက် အသုံးပြုခြင်း
- ဆင်းရဲနွမ်းပါးမှုအခြေအနေကိုပိုမိုဆိုးဝါးစေခြင်း(ဝင်ငွေနည်းပါးမှု၊ကျန်းမာရေးနှင့်ပညာရေး နိမ့်ကျမှု၊ ထိခိုက်လွယ်မှုနှင့် အခြားလက္ခဏာများ)

# နာတာရှည်ဆင်းရဲနွမ်းပါးမှု

- အဂတိလိုက်စားမှုကို စနစ်တစ်ခုကဲ့သို့သက်ဆိုးရှည်စေသော အခြေအနေနှင့် အခွင့်အလမ်းများရှိနေခြင်း၊
- လူမှုရေးနှင့် ဝင်ငွေမညီမျှခြင်း၊
- လျော်ကန်သင့်မြတ်မှုမရှိသော စီးပွားရေးမက်လုံးများရှိနေခြင်း၊

# အဂတိလိုက်စားမှု

- အဂတိလိုက်စားမှုသက်သက်ကြောင့် ဆင်းရဲနွမ်းပါးမှုကို တိုက်ရိုက်မဖြစ်စေသော်လည်း
- စီးပွားရေးနှင့်အုပ်ချုပ်ရေးကဏ္ဍများတွင် တိုက်ရိုက်အကျိုးသက်ရောက်ခြင်းကြောင့် ဆင်းရဲနွမ်းပါးမှုကိုဖြစ်စေခြင်း

# အဂတိလိုက်စားမှု

- အဂတိလိုက်စားမှုသည် စီးပွားရေး၊ နိုင်ငံရေးနှင့်လူမှုယဉ်ကျေးမှုဆိုင်ရာ အဓိက ကျသော အဖွဲ့အစည်းများ၏ အားနည်းမှုကြောင့် ဖြစ်ပေါ်ခြင်း၊
- ကိုယ်ကျိုးစီးပွားအတွက် လွှမ်းမိုးမှုများရှိခြင်း၊
- ချမ်းသာကြွယ်ဝသူများက မရှိဆင်းရဲသားများ၏ စရိတ်နဲ့အကျိုးအမြတ်များ ခံစားရရှိနေခြင်း၊

# အဂတိလိုက်စားမှု

- ဆင်းရဲနွမ်းပါးသူများနှင့်စီးပွားရေးအခွင့်အလမ်းနည်းပါးသူများသည် ရွေးချယ်စရာ အခွင့်အလမ်းနည်းပါးခြင်း၊
- ဆင်းရဲနွမ်းပါးသူများသည် အခြားသူများ၏မတရားပြုကျင့်မှု/ခေါင်းပုံဖြတ်မှုကို ပိုမိုထိခိုက်ခံစားရခြင်း၊

# အဂတိလိုက်စားမှု

- အဂတိလိုက်စားမှုများကို အသေးအဖွဲ့ဟု သဘောမထားသင့်ပါ
- အဂတိလိုက်စားမှုများက ဆင်းရဲနွမ်းပါးသူများကို ဆက်လက်ဆင်းရဲနွမ်းပါးစေသည်။

# အဂတိလိုက်စားမှု

- အောက်ခြေဝန်ထမ်းများ
- ရိုးသားစွာရပ်တည်အသက်မွေးနိုင်ရေးအတွက် ပြဿနာများနှင့် ရင်ဆိုင်နေရခြင်း
- လုပ်ခလစာနည်းပါးမှု/မလုံလောက်မှုများရှိခြင်း
- အထက်အရာရှိများအတွက် လာဘ်ငွေရှာပေးရမှုများရှိခြင်း
- လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုနှင့် ခိုးမှုများသည် ဘဝရှင်သန်ရပ်တည်ရေး အတွက် အရေးပါသောဖြစ်တည်မှုဖြစ်ခြင်း

# အဂတိလိုက်စားမှု

- စီးပွားရေးလုပ်ငန်းများ၊
- လုပ်ငန်းအဆင်ပြေချောမွေ့စေရေး လာဘ်ပေးလာဘ်ယူမှုကြောင့် အပိုကုန်ကျစရိတ်များရှိခြင်း၊
- စီးပွားရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရန်လာဘ်ပေးလာဘ်ယူမှုများသည် အလေ့ အထတစ်ခုအဖြစ် မှားယွင်းစွာလက်ခံလာကြခြင်း၊

# အဂတိလိုက်စားမှု

- ဈေးကွက်နှင့်အများပြည်သူဆိုင်ရာ တင်ဒါနှင့်ဝယ်ယူရေးလုပ်ငန်းများတွင်
- အရည်အချင်းမပြည့်မီသောကုမ္ပဏီများနှင့် မရိုးဖြောင့်သော လေလံပြိုင်သူများသည် ရိုးသားစွာယှဉ်ပြိုင်သောသူများအပေါ်အသာစီးရလျက်ရှိခြင်း၊
- ကန်ထရိုက်လုပ်ငန်းများဆောင်ရွက်ခွင့်ရရှိရေးအတွက် အရည်အသွေးနှင့် ဆန်းသစ်တီထွင်မှုကိုအားမပေးဘဲ ငွေနှင့် အဆက်အသွယ်ကို နည်းလမ်းအဖြစ် အသုံးပြုခြင်း၊

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

- တစ်ဦးချင်းနှင့်စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်စေခြင်း၊
- အစွန်းနှစ်ဖက်သို့ ဦးတည်စေခြင်း၊
- ဆင်းရဲနွမ်းပါးမှုသည် အဂတိလိုက်စားမှုကို ဖြစ်ပေါ်စေခြင်း၊
- အဂတိလိုက်စားမှုသည် ဆင်းရဲနွမ်းပါးမှုကို ဖြစ်ပေါ်စေခြင်း၊

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

- ပုံစံ၂မျိုး-
- စီးပွားရေးပုံစံ
  - အဂတိလိုက်စားမှုသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်စေပြီး တစ်နည်းအားဖြင့် ဆင်းရဲနွမ်းပါးမှုကိုဖြစ်ပေါ်စေခြင်း၊
  - အဂတိလိုက်စားမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့သည် မထင်မှတ်ဘဲ တိုက်ရိုက်ပတ်သက်မှုရှိနေခြင်း၊

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

- အဂတိလိုက်စားမှုကြောင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသော အကြောင်းအရင်းများ–
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို တွန့်ဆုတ်စေခြင်း၊
- အခွန်အခများနှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များကို ဖိနှိပ်မှုရှိခြင်း၊
- အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံများ၏ အရည်အသွေးနိမ့်ကျခြင်း၊

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

- အခွန်ငွေများ လျော့နည်းလာခြင်း၊
- အများပြည်သူဆိုင်ရာ တန်ဖိုးရှိ အရင်းအမြစ်များကို လမ်းလွှဲ ပြန်းတီးစေခြင်း၊
- နိုင်ငံတော်၏ အသုံးစရိတ်များ ခွဲဝေသုံးစွဲမှုပုံစံကို ပျက်စီးစေခြင်း၊

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

- အဂတိလိုက်စားမှုသည် ဝင်ငွေမညီမျှမှုကို ပိုမိုဖြစ်ပေါ်စေခြင်း
- စီးပွားရေး၊ ဥပဒေရေးရာနှင့် မူဝါဒဆိုင်ရာ မူဘောင်များကိုထိခိုက်စေခြင်း
- လူအချို့အား အခြားသူများထက် သာလွန်သောအကျိုးအမြတ်ကိုရရှိစေခြင်း
- အစိုးရ၏အရင်းအမြစ်နှင့် ဝန်ဆောင်မှုများကို မမျှတစွာ ဖြန့်ဝေခြင်း

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

- ဝင်ငွေ အပေါ်မူတည်၍ အခွန်ကောက်ခံသည့်စနစ်ကို အားနည်းစေခြင်း
- ပိုင်ဆိုင်မှု အချိုးအစားနှင့်အခွင့်အလမ်းများ ကွာဟလာခြင်း
- ဝင်ငွေနည်းသောအိမ်ထောင်စုများသည် ဝင်ငွေအလယ်အလတ်ရှိသူများနှင့် ချမ်းသာသူများထက် ဝင်ငွေနှင့်အခွန်အချိုးဆ ပိုမိုမြင့်မားစွာပေးဆောင်နေလျက်ရှိခြင်း

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

## အုပ်ချုပ်မှုပုံစံ

- အဂတိလိုက်စားမှုကြောင့် အုပ်ချုပ်ရေးဆိုင်ရာအခြေခံဝန်ဆောင်မှု အရည်အသွေးများ ကျဆင်းပြီး ဆင်းရဲနွမ်းပါးမှုကို ပိုမိုဆိုးဝါးစေခြင်း
- အဂတိလိုက်စားမှုသည်အုပ်ချုပ်ရေး စွမ်းဆောင်ရည်ကို ကျဆင်းစေခြင်း
- နိုင်ငံရေးအဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏ပါဝင်ခွင့်ကို အားနည်းစေပြီး အစိုးရ၏ ဝန်ဆောင်မှုနှင့် အခြေခံအဆောက်အအုံများ အရည်အသွေးကိုနိမ့်ကျစေခြင်း

# အဂတိလိုက်စားမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ဆက်စပ်မှု

- အစိုးရ၏ ဝန်ဆောင်မှုများ လျော့ချခြင်းဒဏ်ကို ဆင်းရဲနွမ်းပါးသူများပိုမိုထိခိုက်ခံစားရ
- အစိုးရ၏ဌာန/ အဖွဲ့အစည်းများအပေါ် ယုံကြည်မှုကျဆင်းလာခြင်း

# အဂတိလိုက်စားမှု

- ဆင်းရဲနွမ်းပါးသူများသည် ၎င်းတို့ပေးလိုက်ရတာနဲ့ တန်တဲ့ဝန်ဆောင်မှုကိုပြန်မရခြင်း
- အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကြောင့် လေလွင့်အဆုံးရှုံးမှုများပြီး ပေါ့၊ ချောင်၊ မကောင်း ဝန်ဆောင်မှုများကိုသာ ပြန်လည်ရရှိ
- နောက်ပိုင်းတွင်ကြုံတွေ့လာမည့် လမ်း၊တံတားစသည့် အခြေခံအဆောက်အအုံများ ပြိုကျ ပျက်စီးမှု စရိတ်ကိုပြည်သူများကျခံရခြင်း

# ပြုပြင်ပြောင်းလဲရေး

- တိကျတဲ့အဖြေမရှိပါ
- တစ်ချို့နိုင်ငံအတွက် ကောင်းမွန်တဲ့စိတ်ကူးဖြစ်နိုင်
- တစ်ချို့နိုင်ငံအတွက် အသုံးပြုနိုင်
- တစ်ချို့နိုင်ငံအတွက် အသုံးမတည့်နိုင်
- တစ်ချို့နိုင်ငံအတွက်တော့ ဒုက္ခဖြစ်စေနိုင်

# ပြုပြင်ပြောင်းလဲရေး

- နိုင်ငံသားများနှင့် လုပ်ငန်းရှင်များမှ တောင်းဆိုပိုင်ခွင့် အခွင့်အရေးများရှိရန်လိုအပ်ခြင်း
- အခြေခံ အခွင့်အရေးများ ရရှိရေး
- တရားဥပဒေစိုးမိုးရေး
- တာဝန်ယူမှုတာဝန်ခံမှုရှိရေး
- တရားမျှတရေး

# ပြုပြင်ပြောင်းလဲရေး

- စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေညီမျှရေး၊ ကျန်းမာရေးနှင့်ပညာရေးတို့တွင် အစိုးရ၏ ဝန်ဆောင်မှုနှင့်စွမ်းဆောင်ရည်များကောင်းမွန်ရေးနှင့် အစိုးရအပေါ် ပြည်သူများ ယုံကြည်မှုရှိစေရေး
- အဂတိလိုက်စားမှုလျှော့ချရေး
- ဆင်းရဲနွမ်းပါးမှုလျှော့ချရေး

“

အဂတိလိုက်စားမှုဒဏ်ကို
ဆင်းရဲနွမ်းပါးသူများက
ပေးဆပ်နေကြရသည်။

Pope Francis




© Mazurcatholicnews.org.uk